# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# နေပြည်တော်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသရှိ မြေဧရိယာ (၅၀.၉၃)ဧကတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအတွက် တင်ပြလာသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၏

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate-ECC)

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၄၃၂ ) ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ(က)တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ(ခ)ပါ စည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံ လက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | | |
|---|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - | ရုံးအမှတ်(၃၀)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်၊ ဖုန်း-<br>၀၆၇-၄၀၅၀၅၉၊ ၄၀၅၃၂၂၊ ၄၀၅၃၃၅ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - | ဒိုလိုမိုက်ကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း)<br>အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - | အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - | စီမံကိန်းဧရိယာ(၅၀.၉၃)ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်<br>ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊<br>ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသ |
| (ဆ) | **ECC သက်တမ်း** | - | (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၂-၆-၂၀၂၃<br>သက်တမ်းကုန်ဆုံးရက် - ၁၁-၆-၂၀၂၈ |

(ဧ) **အတည်ပြုအစီရင်ခံစာ** - အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ၇-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဖြ၁ဖ/ ၄၀၂/ ထလရ-၁(၁၄)/ ကစလ-၁ (ပင်းပက်)/ ၂၀၂၃

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

၂၂.၉.၂၀၂၃

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

နောက်ဆက်တွဲ (က)

**စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသရှိ မြေဧရိယာ (၅၀.၉၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ၇-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ဖြ၁ဖ/ ၄၀၂/ ထလရ-၁(၁၄)/ ကစလ-၁ (ပင်းပက်)/ ၂၀၂၃ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း(IEE)အစီရင်ခံစာကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၀)၊ ဇေယျာဌာနီလမ်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၅၀၅၉၊ ၄၀၅၃၂၂၊ ၄၀၅၃၃၅ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် (Bench Height) (၂၀) ပေထားပြီး၊ (Bench) ပေါင်း (၂၀)ခု ထားရှိမည်ဖြစ်ကြောင်း၊ (Top Level) (၄၃၄၀) ပေမှ (Bottom Level) (၃၉၄၀) ပေသို့ (Bench) ၏ အစောင်းဒီဂရီ (Bench Slope) အား (၅၁-၇၀) ဒီဂရီ ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်းဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** ဒိုလိုမိုက်ကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော်ထုတ်လုပ်မှုလုပ်ငန်းအတွက် Bulldozer (၁)စီး၊ Wheel Loader (၁)စီး၊ Backhoe (Breaker) (၁)စီး၊ Hydraulic Crawler Drill (၁)စီး၊ Dump Truck (35 Tons) (၃)စီး နှင့် Jack Hammer with Air (၁)စုံ စသည်တို့ကို အသုံးပြုမည်ဖြစ်ပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသတွင် တည်ရှိပါသည်။


# စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်တုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ တည်နေရာပြမြေပုံ





ရည်ညွှန်းချက်

- မြို့နယ် နယ်နိမိတ်
- ကျိုးပိုင်းကြိုးပြင်ကာကွယ်တောနယ်နိမိတ်
- မြို့ / ရွာ
- ဒိုလိုမိုက်ကျောက်လုပ်ကွက်

**စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ Layout Plan**



စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင် ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း၏ လွန်တွင်းများတည်နေရာပြပုံ



နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ**

**ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)မှ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာအနီး၊ ထန်းဆာတောင်ဒေသရှိ မြေဧရိယာ (၅၀.၉၃)ဧကတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဒိုလိုမိုက်ကျောက်(စက်မှုတွင်းထွက်ကုန်ကြမ်း) အလတ်စားတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၏ ၇-၅-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ၆၉၁၆/ ၄၀၂/ ထလရ-၁(၁၄)/ ကစလ-၁ (ပင်းပက်)/ ၂၀၂၃ ဖြင့် တင်ပြလာသည့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာတွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ အပါအဝင် စီမံကိန်းနှင့်သက်ဆိုင်သော လိုက်နာရမည့် စီမံကိန်းဆိုင်ရာမူဝါဒများ၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာမူဝါဒများနှင့် အခြားဆက်စပ်သည့် ဥပဒေ၊ နည်းဥပဒေများကို လိုက်နာသွားမည်ဖြစ်ကြောင်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ဒိုလိုမိုက်ကျောက် (စက်မှုတွင်းထွက်ကုန်ကြမ်း) တူးဖော်ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် (Bench Height) (၂၀) ပေထားပြီး၊ (Bench) ပေါင်း (၂၀)ခု ထားရှိမည်ဖြစ်ကြောင်း၊ (Top Level) (၄၃၄၀) ပေမှ (Bottom Level) (၃၉၄၀) ပေသို့ (Bench) ၏ အစောင်းဒီဂရီ (Bench Slope) အား (၅၁-၇၀) ဒီဂရီ ထားရှိဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ပြီးသည့် ဒိုလိုမိုက်ကျောက်များ သယ်ယူမည့်လမ်းကြောင်းများတွင် မကြာခဏ ရေဖျန်းပေးခြင်း၊ သယ်ယူရာ၌ တာပေါ်လင်စ (သို့မဟုတ်) ပိတ်စိမ်းဇကာပါးများဖြင့် မဖြစ်မနေ ဖုံးအုပ်သယ်ဆောင်ရန်၊

(၂) ယာဉ်၊ ယန္တရားများ မောင်းနှင်ရာတွင် သတ်မှတ်မိုင်နှုန်း (၁) နာရီ ကီလိုမီတာ (၄၀) ထက် နည်းအောင် မောင်းနှင်စေရန်၊

(၃) ကုန်ကြမ်းများ စုပုံထားသောနေရာများ၊ ကုန်ကြမ်းများ တင်ဆောင်ရာနေရာများကို အကာအရံများ ကာရံထားခြင်းနှင့် အကာအရံ၏ အပြင်ဘက်တွင် လေကာပင်များ စိုက်ပျိုးထားရန်၊

(၄) မိုင်းခွဲထုတ်လုပ်ခြင်းကို မဖြစ်မနေ လိုအပ်မှသာ ဆောင်ရွက်ရန်၊

(၅) အကြွင်းအကျန်ပစ္စည်းများ စွန့်ထုတ်ရာတွင် လုပ်သားများ ကျန်းမာရေးအတွက် နှာခေါင်းစည်းများ ထောက်ပံ့ပေးရန်၊

(၆) လေအရည်သွေးညစ်ညမ်းမှုများ ဖြစ်ပေါ်လာပါက အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်များပါ သတ်မှတ်ထားသောလမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်စေမည်မဟုတ်ဘဲ တတ်နိုင်သမျှ လျော့ချသွားရန်။

(ဃ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဒိုလိုမိုက်ကျောက်တူးဖော်ထုတ်လုပ်ရာတွင် သဘာဝရေထွက်များနှင့်စမ်းချောင်းများ ထိခိုက်မှုမရှိစေရေးနှင့် ရေစီးကြောင်းများ ပြောင်းလဲမှုမရှိစေရေးအတွက် ချောင်းရိုးယာများကို ချန်လှပ်၍ တူးဖော်ထုတ်လုပ်ရန်၊

(၂) မိုင်းလုပ်ငန်းမှ ထွက်ရှိလာသော စွန့်ပစ်ရေ (လူသုံး) တို့အား ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး စွန့်ပစ်ရေကန်တူးဖော်ထားရှိပြီး Treatment ပြုလုပ်၍ စွန့်ပစ်ရန်၊

(၃) ကုန်ထုတ်လမ်းနံဘေးတွင် အကျယ် (၁.၅) ပေနှင့် အနက် (၁) ပေ အတိုင်းအတာရှိသော ရေထုတ်မြောင်းများ တည်ဆောက်၍ အလျား (၁၅) ပေ၊ အနံ (၁၅) ပေ၊ အနက် (၁၀) ပေခန့်ရှိသည့်ရေစုကန်များ တည်ဆောက်ထားရှိရန်၊

(၄) မိလ္လာများမှရေဆိုးများ ပြင်ပသို့ စီးဆင်းမှုမရှိစေရန် ဆောင်ရွက်ခြင်း၊ လောင်စာဆီများနှင့် အခြားစွန့်ပစ်ရေဆိုးများ ယိုဖိတ်မှုမရှိစေရန် စနစ်တကျထားရှိခြင်း စသည့်နည်းလမ်းများဖြင့် လျော့ချရန်၊

(၅) မီးဖိုချောင်နှင့် လုပ်သားများအသုံးပြုခြင်းမှ ထွက်ရှိသော စွန့်ပစ်ရေများတွင် ဆပ်ပြာနှင့် အဆီအညစ်အကြေးများ ပါဝင်သောကြောင့် ပမာဏများလျှင်

ရေစစ်ကန်ပြုလုပ်၍ စနစ်တကျစွန့်ပစ်ခြင်းနှင့် ရေထုအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းအား ရှောင်ကြဉ်ရန်၊

(၆) မြေဆီလွှာတိုက်စားခြင်းကြောင့် နုန်းအနည်ကျမှု လျော့နည်းသက်သာစေရန် ကုန်ထုတ်လမ်းဘေးတစ်ဖက်တစ်ချက်နှင့် ဂနိုင်ထုံကျေးရွာအနီးစိုက်ခင်းအနီးတွင် ၄ ပေ အကျယ်၊ ၄ ပေ အနက်ရှိသော ရေနုတ်မြောင်းတူး၍ တားဆီးရန်၊

(၇) စွန့်ပစ်ရေအရည်အသွေးအားဓာတ်ခွဲစမ်းသပ်၍ ရလဒ်တန်ဖိုးများကို အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များပါ သတ်မှတ်ထားသော လမ်းညွှန်ချက်တန်ဖိုးထက် ကျော်လွန်စေမည်မဟုတ်ဘဲ တတ်နိုင်သမျှ လျော့ချသွားရန်။

(င) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြေပြိုမှုဖြစ်စေတတ်သော Shale အလွှာများပါဝင်သည့် တောင်စောင်းများနှင့် ချောက်ကမ်းပါးပြတ်နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်သွားရန်၊

(၂) မိုင်းလုပ်ကွက်မှ စွန့်ပစ်အမှိုက် (လူသုံး) တို့အား လယ်/ ယာမြေနှင့် မြစ်ချောင်းအတွင်း မစွန့်ပစ်ဘဲ လုပ်ကွက်၏ သတ်မှတ်ထားသည့် အမှိုက်စုကန်များ ထားရှိ၍ ဆောင်ရွက်ရန်၊

(၃) လုပ်ငန်းပိတ်သိမ်းချိန်တွင် ဒေသနှင့်ကိုက်ညီသော အပင်များစိုက်ပျိုးရန်၊

(၄) လုပ်ငန်းပိတ်သိမ်းပြီးနောက် မြေဆီလွှာညစ်ညမ်းမှုအခြေအနေ သိရှိနိုင်ရန် Soil Sample ကောက်ယူ၍ ဓာတ်ခွဲစမ်းသပ်ကာ လိုအပ်သလို ပြုပြင်ထိန်းသိမ်းခြင်းများ လုပ်ဆောင်ရန်။

(စ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းဧရိယာအတွင်း လမ်းဖောက်ခြင်း၊ ယာဉ်ယန္တရားများသုံးစွဲခြင်း ယမ်းဖောက်ခွဲခြင်းကြောင့် ဆူညံမှုများဖြစ်ပေါ်လာနိုင်သည့်အတွက် အလုပ်ချိန်အား နေ့အချိန်သာ သတ်မှတ်၍ ဆောင်ရွက်ရန်၊

(၂) စက်ကြီးများလည်ပတ်ရာတွင် အသံလုံစနစ်များ တပ်ဆင်ခြင်း၊ ညအချိန်၌ စက်ကိရိယာများ မောင်းနှင်ခြင်းကို ရှောင်ရှားခြင်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်တန်ဖိုးနှင့်အညီ ဆောင်ရွက်ရန်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်တွင် အသုံးပြုသော ယာဉ်ယန္တရားများနှင့် စက်ပစ္စည်းကိရိယာများကို ပုံမှန်စစ်ဆေးခြင်းနှင့် စောင့်ကြပ်စစ်ဆေးခြင်းများ ပြုလုပ်ရန်၊

(၄) ယမ်းဖောက်ခွဲချိန်တွင် ဝန်ထမ်းများအတွက် နားအကာအကွယ်ပစ္စည်းများ တပ်ဆင်စေခြင်း၊ အသုံးမပြုသော စက်ပစ္စည်းများ၊ စက်ယန္တရားများကို ပိတ်ထားရန်၊

(၅) ကုန်တင်ကားများအား စီမံကိန်းဧရိယာအနီးတွင် မလိုအပ်ဘဲ ဟွန်းတီးခြင်းအား ရှောင်ကြဉ်ခြင်း၊ စက်ပစ္စည်းများ၊ စက်ယန္တရားများအား တစ်ပြိုင်တည်း တစ်ချိန်တည်းတွင်အသုံးမပြုဘဲ အလှည့်ကျအသုံးပြုစေခြင်းတို့ကို ဆောင်ရွက်ရန်။

(ဆ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ကျောက်များအား တူးဖော်ထုတ်လုပ်သည့် ဧရိယာအတွင်း စနစ်တကျ ပြန်လည် ဖြည့်တင်းမည်ဖြစ်ပြီး ဖြည့်တင်းရန် အဆင်သင့် မဖြစ်မီကာလတွင် ယာယီ စွန့်ပစ်မြေစာပုံနေရာ သတ်မှတ်ပြီး စွန့်ပစ်ရန်၊

(၂) စွန့်ပစ်မြေစာပုံအား (၅၀၀×၅၀၀) ပေ အကျယ်ထားရှိပြီး အမြင့်ပေ ၃၀ ထက် မကျော်လွန်စေရန် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး လျှောစောက်အား ၃၅ ဒီဂရီထက် မကျော်လွန်စေဘဲ စုပုံရန်၊

(၃) လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော အပေါ်ယံမြေဆီလွှာ (Top Soil) များကို သစ်ပင်အစားထိုးစိုက်ပျိုးရန် ထားရှိပြီး ဘေးကာကျောက်နှင့် စွန့်ပစ်မြေစာများကို လုပ်ငန်းခွင် အဝင်အထွက်လမ်းခင်းခြင်း၊ ချိုင့်ခွက်များ မြေဖို့ခြင်း၊ တူးဖော်ပြီးဆုံးသည့် လုပ်ကွက်ဧရိယာအတွင်း မြေဖို့ခြင်း (Back Fill the Exhausted Pit) တို့တွင် အသုံးပြုရန်၊

(၄) ဒိုလိုမိုက်ကျောက်စုပုံမည့် ဒီဇိုင်းအား ကျောက်ပုံအောက်ခြေ၌ Clay Layer ခင်းပြီး ၃ ပေ အမြင့်မှ ၂၀ ပေ အမြင့်ထိထားကာ ပြိုကျမှုမရှိစေရေး စီမံဆောင်ရွက်ရန်၊

(၅) အထွေထွေစွန့်ပစ်အမှိုက်များကို ပြန်လည်အသုံးပြုနိုင်သောပစ္စည်းနှင့် ပြန်လည် အသုံးမပြုနိုင်သောပစ္စည်းအဖြစ် ခွဲခြားပြီး စွန့်ပစ်ပစ္စည်း စုပုံနေရာ၌ သီးခြား စွန့်ပစ်ရန်၊

(၆) စွန့်ပစ်အမှိုက်များအား အမှိုက်ပုံးအတွင်း စွန့်ပစ်ခြင်း၊ အမှိုက်ပုံးအတွင်းမှ အမှိုက်များအား အမှိုက်ကန်ပြုလုပ်၍စွန့်ပစ်ခြင်းနှင့် အမှိုက်ပုံးများကို အဖုံးအကာများဖြင့် ထားရှိရန်၊

(၇) စီမံကိန်းဧရိယာအတွင်း အမှိုက်များ မီးရှို့ခြင်းအား တားမြစ်ရန်။

(ဇ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်ခြင်းမှ ထွက်ရှိသော အန္တရာယ်ဖြစ်စေသည့် ဓာတုစွန့်ပစ်ပစ္စည်းများ၊ လောင်စာဆီများထည့်သိုသည့် ဘူးခွံများ၊ စက်ဆီချောဆီအဟောင်းများ၊ ဓာတုပစ္စည်းဆိုင်ရာ အကြွင်းအကျန်များပါရှိသော ဘူးခွံများကို သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်၊

(၂) ဓာတုပါဝင်သော အရည်များကိုလည်း အများသုံးရေမြောင်းထဲသို့ စွန့်ပစ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ မီးလုံးများ၊ လျှပ်စစ်ပစ္စည်းများ၊ သံတိုသံစများ၊ လျှပ်စစ်မီးသီး၊ မီးလုံးအဟောင်းများ၊ လျှပ်စစ်ပစ္စည်းအပိုင်းအစများနှင့် သံအကျိုးအပဲ့များစသည့်တို့အား စနစ်တကျထုတ်ပိုးပြီး ခွဲခြားစွန့်ပစ်ခြင်းများ လုပ်ဆောင်သွားရန်၊

(၃) ဖောက်ခွဲမှုမအောင်မြင်သော ယမ်းနှင့် ဓာတုပစ္စည်းများကို သတ်မှတ်ထားသော ရှင်းလင်းရေးအစီအစဉ်ဖြင့် သီးခြားသတ်မှတ်နေရာများတွင်သာ ဖောက်ခွဲရှင်းလင်းရန်။

(ဈ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဧရိယာအတွင်း မိုင်းဒီဖိုင်းဧရိယာနှင့် လွတ်ကင်းသည့် နေရာတွင် တောအုပ်ငယ်တစ်ခု ထူထောင်၍ ကျေးငှက်သာရကာများအတွက် နေရာသတ်မှတ်ပေးရန်၊

(၂) ဒိုလိုမိုက်ကျောက် တူးဖော်ထုတ်လုပ်ရာတွင် အပင်များ ခုတ်ထွင်ရှင်းလင်းရန် လိုအပ်ပါက ဟိုပုံးမြို့နယ်၊ သစ်တောဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သွားရန်၊

(၃) ရေနေသတ္တဝါများ မထိခိုက်စေရေးအတွက် ရေထွက်စမ်းဧရိယာများအား ချန်လှပ်၍ တူးဖော်မည်ဖြစ်ပြီး ငါးမျှားခြင်း၊ ငါးပိုက်ထောင်ခြင်းမပြုလုပ်ရန် တားမြစ်သွားရန်၊

(၄) တောရိုင်းတိရစ္ဆာန်များ မျိုးတုံးပျောက်ကွယ်ခြင်းမရှိစေရန် အမဲလိုက်ခြင်း၊ ထောင်ချောက်ဆင် ဖမ်းဆီးခြင်းများကို တားမြစ်သွားရန်၊

(၅) သတ္တုတူးဖော်ပြီးသော နေရာများကို ပြန်လည်ပြုပြင်ပြီး ပြန်လည်ထူထောင်ရေးအတွက် ဒေသနှင့်ကိုက်ညီသော အပင်များစိုက်ပျိုးသွားရန်။

(ည) **ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူတစ်ဦးအား ခန့်အပ်ထား၍ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ရန်၊

(၂) (Safety Frist) အရ သတ်မှတ်ဝတ်စုံဝတ်ခြင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး သတိပေးဆိုင်းဘုတ်များထားရှိခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် သူနာပြုဆေးသေတ္တာများထားရှိခြင်း၊ အခါအားလျော်စွာလေ့ကျင့်ခြင်းများ လုပ်ဆောင်သွားရန်၊

(၃) လုပ်ငန်းခွင်နေရာအား ခြံစည်းရိုး၊ လုံခြုံစိတ်ချရသော အတားအစည်းဖြင့်ကာရံကာ အခွင့်မရှိမဝင်ရန် သတိပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ အန္တရာယ်ကျရောက်နိုင်မည့်နေရာသို့ မသွားမီ လုပ်သားများ အန္တရာယ်ဖြစ်စေမည့်အခြေအနေနှင့် မြေပြင်ကို ကြိုတင်စစ်ဆေးရန်၊

(၄) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့ ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေး စောင့်ရှောက်ပေးနိုင်ရန်အတွက် ကျေးရွာဆေးပေးခန်း တစ်ခုရရှိစေရေး ဒေသအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်၊

(၅) လုပ်ငန်းခွင်အတွင်း တစ်နေရာမှတစ်နေရာသို့ သွားလာရာတွင် အန္တရာယ်လျော့နည်းစေရန်နှင့် အလုပ်ခွင်သို့ မသွားမီအတွင်း နံရံများတည်ငြိမ်မှုနှင့်လျှောစောက်များ အက်ကွဲခြင်း သို့မဟုတ် အားနည်းသော လက္ခဏာ ရှိ/ မရှိပုံမှန်စစ်ဆေးသွားရန်၊

(၆) လုပ်ငန်းခွင်ဝင်ချိန်တွင် သတ္တုတွင်းသုံး Helmet, Boot, Glove ရောင်ပြန်ပါသော လုပ်သားဝတ်စုံတို့ကို မဖြစ်မနေ ဝတ်ဆင်စေရန်။

(ဋ) **အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရ မည်-

(၁) လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း မုန်တိုင်းတိုက်ခြင်း၊ မိုးကြီးခြင်း၊ မြေပြိုခြင်း၊ မီးလောင်ခြင်း၊ လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊ ယမ်းဖောက်ခွဲမှုမှ မတော်တဆထိခိုက်မှုဖြစ်ခြင်း စသည့်အရေးပေါ်အန္တရာယ်များ ကျရောက်ပါက အရေးပေါ်ကုသနိုင်ရန် ရှေးဦးသူနာပြုသေတ္တာများထားရှိခြင်း၊ ဆေးပေးခန်းထားရှိခြင်း၊ ဆေးရုံ၊ ရဲစခန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးများသို့ ဆက်သွယ်နိုင်ရန် ဖုန်းနံပါတ်များ ချိတ်ဆွဲထားပြီး အရေးပေါ်ယာဉ်တစ်စီး စီစဉ်ထားရှိမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) အရေးပေါ်အခြေအနေများအတွက် အရေးပေါ်စုရပ်နေရာ ထားရှိမည်ဖြစ်ပြီး စုရပ်နေရာအား ပြိုကျနိုင်ချေရှိသည့် အဆောက်အအုံများ၊ ဓာတ်တိုင်များ၊ သစ်ပင်များနှင့် ကင်းလွတ်သည့်နေရာတွင် ထားရှိရန်၊

(၃) အရေးပေါ်အခြေအနေ ပေါ်ပေါက်လာလျှင် လုပ်လက်စအလုပ်များကို ရပ်နား၍ အရေးပေါ်စုရပ်သို့ စနစ်တကျ သွားရောက်စုဝေးစေခြင်း၊ အရေးပေါ်တုံ့ပြန်ရေးအစီအစဉ်အတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများအား (၆) လ တစ်ကြိမ် ပုံမှန်လေ့ကျင့်သွားရန်၊

(၄) မီးဘေးအန္တရာယ်အတွက် မီးလောင်လွယ်သည့် လောင်စာများအနီးတွင် မီးအသုံးပြုမှုကို အထူးတားမြစ်ကန့်သတ်ခြင်း၊ လုပ်ငန်းခွင်အတွင်း သွယ်တန်းထားသော လျှပ်စစ်မီးကြိုးများကို ကျွမ်းကျင်သူများနှင့် တစ်နှစ်လျှင်နှစ်ကြိမ် ပုံမှန်စစ်ဆေးရန်၊

(၅) ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကာကွယ်ရေး၊ ရှေးဦးသူနာပြုစုခြင်းနှင့် အရေးပေါ်တုံ့ပြန်ခြင်းဆိုင်ရာ အသိပညာပေးခြင်းများ ဆောင်ရွက်ခြင်းနှင့် သက်တမ်းကုန်ဆုံးသည့် မီးသတ်ဆေးဘူးများအား ပုံမှန်လဲလှယ်ခြင်းများ ဆောင်ရွက်ရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့်တုန်ခါမှုအား လုပ်ငန်းလည်ပတ်စဉ်ကာလ၌ ဂနိုင်ထုံဘုန်းတော်ကြီးကျောင်းတွင် တိုင်းတာမည်ဖြစ်ပြီး လုပ်ငန်းပိတ်သိမ်းချိန်၌ အဆောက်အဦဖြိုဖျက်သည့် နေရာတို့တွင် တစ်နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) လေထုအရည်အသွေးအား လုပ်ငန်းလည်ပတ်စဉ်ကာလ၌ ဂနိုင်ထုံဘုန်းတော်ကြီးကျောင်း၊ ဂနိုင်ထုံရွာလူကြီးအိမ်နှင့် ကျေးရွာသားနေအိမ်တို့တွင် တိုင်းတာမည်ဖြစ်ပြီး လုပ်ငန်းပိတ်သိမ်းချိန်၌ စီမံကိန်းဧရိယာအတွင်း အဆောက်အဦဖြိုဖျက်သည့် နေရာတို့တွင် နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ အိုဇုန်း၊ $PM_{10}$, $PM_{2.5}$ နှင့် $SO_2$ စသည့် Parameter များအား တစ်နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ရေအရည်အသွေးအား လုပ်ငန်းလည်ပတ်စဉ်ကာလနှင့် အမှတ် (၂) ရေထွက်စမ်းမှ စီမံကိန်းဧရိယာအနောက်သို့ စီးဆင်းသည့်နေရာ၊ စိုက်ခင်းအနီးတွင် ချဉ်ဖန်ကိန်း၊ အရောင်၊ နောက်ကျိမှု၊ ဆိုင်းကြွအနည်၊ လျှပ်စီးကိန်း၊ အောက်ဆီဂျင်ပျော်ဝင်မှု၊ ဆိုင်ယမ်နိုက် စသည့် Parameter များအား လစဉ်တိုင်းတာစစ်ဆေးမည်ဖြစ်ပြီး လုပ်ငန်းပိတ်သိမ်း ချိန်ကာလတွင် အမှတ် (၂) ရေထွက်စမ်းမှ စီမံကိန်းဧရိယာအနောက်သို့ စီးဆင်းသည့်နေရာ၊ စိုက်ခင်းအနီးတွင် စုစုပေါင်းဖော့စဖိတ်၊ အဆိပ်ဓာတ်၊ သံသတ္တုဓာတ်၊ ကလိုရင်း (စုစုပေါင်း)၊ နိုက်ထရိုဂျင်၊ ကယ်လဆီယမ်၊ ဆာလဖိတ်၊ ဟိုက်ဒရိုဂျင်၊ ဆာလဖိုက် စသည့် Parameter များအား (၃)လလျှင်တစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၄) စွန့်ပစ်ရေ အရည်အသွေးအား လုပ်ငန်းလည်ပတ်စဉ်ကာလ၌ ဝန်ထမ်းများသုံးပြီးရေစုကန်မှ နောက်ဆုံးစွန့်ထုတ်သည့် အညစ်အကြေးကန်တွင် တိုင်းတာစစ်ဆေးမည်ဖြစ်ပြီး လုပ်ငန်းပိတ်သိမ်းကာလ၌ ဖြိုဖျက်သည့်လုပ်ငန်းစဉ်အတွင်း ရေသုံးစွဲမှုရှိခဲ့လျှင် နောက်ဆုံး စွန့်ထုတ်သည့်နေရာ၊ ဝန်ထမ်းသုံး စွန့်ပစ်ရေများနောက်ဆုံးစွန့်ပစ်သည့်နေရာတွင် ချဉ်ဖန်ကိန်း၊ သံသတ္တုဓာတ်၊ ဇီဝဆိုင်ရာဆောက်ဆီဂျင်လိုအပ်ချက်၊ ဆိုင်းကြွအနည်၊ ဆီနှင့်ချောဆီ၊ အမိုးနီးယား၊ ကတ်မီယမ်သတ္တုဓာတ်၊ ခဲသတ္တုဓာတ်၊ နီကယ်သတ္တုဓာတ်၊ သွပ်သတ္တုဓာတ်၊ ကြေးနီသတ္တုဓာတ်၊ ခရိုမီယမ် စသည့် Parameter များအား (၁) နှစ်လျှင် နှစ်ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်အမှိုက်နှင့် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းထွက်ရှိမှုအား လုပ်ငန်းလည်ပတ်စဉ်ကာလ၌ စီမံကိန်းရေိယာအတွင်း ထုတ်လုပ်မှုလုပ်ငန်းစဉ်အလိုက် အမှိုက်ထွက်ရှိသည့် နေရာ၊ စီမံကိန်းရေိယာအတွင်း အမှိုက်စုပုံသည့်နေရာနှင့် အမှိုက်ကန်နေရာတို့တွင် တိုင်းတာမည်ဖြစ်ပြီး လုပ်ငန်းပိတ်သိမ်းကာလ၌ စီမံကိန်းရေိယာအတွင်း ဖြိုဖျက်မှုလုပ်ငန်းစဉ်အလိုက် အမှိုက်ထွက်ရှိသည့် နေရာ၊ အမှိုက်စုပုံသည့်နေရာနှင့် အမှိုက်ကန်နေရာတို့တွင် နေ့စဉ် တိုင်းတာ စစ်ဆေးရန်၊

(၆) အနံ့ထွက်ရှိမှုအား လုပ်ငန်းလည်ပတ်စဉ်ကာလ၌ ဂနိုင်ထုံဘုန်းတော်ကြီးကျောင်းနှင့် လုပ်သားနားနေဆောင်၊ မိလ္လာကန်များ၊ အမှိုက်ကန် နေရာတို့တွင် သုံးလလျှင်တစ်ကြိမ် တိုင်းတာမည်ဖြစ်ပြီး လုပ်ငန်းပိတ်သိမ်းကာလ၌ ယာယီအမှိုက်သိုလှောင်သည့်နေရာ၊ မိလ္လာကန်များဖြိုဖျက်ထားသည့် နေ့ရာတို့တွင် တစ်နှစ်လျှင်တစ်ကြိမ် အမျိုးသားပတ်ဝန်းကျင် အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် တန်ဖိုးများအတိုင်း တိုင်းတာစစ်ဆေးရန်၊

(၇) ဇီဝမျိုးစုံမျိုးကွဲများအား လုပ်ငန်းလည်ပတ်စဉ်ကာလနှင့် လုပ်ငန်းပိတ်သိမ်းချိန်တို့တွင် စီမံကိန်းရေိယာ အနီးပတ်ဝန်းကျင်တွင် တစ်နှစ်လျှင် တစ်ကြိမ် စောင့်ကြည့်စစ်ဆေးရန်၊

(၈) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအား လုပ်ငန်းလည်ပတ်စဉ်ကာလနှင့် လုပ်ငန်းပိတ်သိမ်းချိန်တို့တွင် လစဉ် စစ်ဆေးရန်၊

(၉) အရေးပေါ်အခြေအနေ (မီးဘေးအန္တရာယ်၊ ငလျင်၊ ရေကြီးရေလျှံမှု) အား စီမံကိန်းရေိယာအတွင်း လုပ်ငန်းလည်ပတ်စဉ်ကာလနှင့် လုပ်ငန်းပိတ်သိမ်းချိန်တို့တွင် (၄)လ တစ်ကြိမ် စောင့်ကြပ်ကြည့်ရှုရန်။

(ဎ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် မိုင်းပိတ်သိမ်းခြင်းအစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဏ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်းကို ၂၁-၁၂-၂၀၂၂ ရက်နေ့တွင် ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ လွယ်အွန့်ကျေးရွာအုပ်စု၊ ဂနိုင်ထုံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ပြီး

စက်ရုံတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အစီရင်ခံစာရေးသားသည့် အဖွဲ့အစည်းနှင့် ဒေသခံ ကျေးရွာပြည်သူလူထု စုစုပေါင်း (၆၃)ဦး တက်ရောက်ဆွေးနွေးကြောင်း ဖော်ပြထားပါသည်။

(ဃ) **လျာထားအသုံးစရိတ်။** ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာ အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) နှစ်စဉ်ပတ်ဝန်းကျင်ထိခိုက်မှု ထိန်းသိမ်းစရိတ်အတွက် ရန်ပုံငွေကျပ်သိန်း (၁၀၀) ခန့် လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) မိုင်းပိတ်သိမ်းချိန်တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်သိန်း (၁၀၀)ခန့် လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) နှစ်စဉ်စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေကျပ်သိန်း (၁၅၀) ခန့် လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၄) လူမှုကူညီရေး (CSR)လုပ်ငန်းများအတွက် အသားတင်အမြတ်ငွေ၏ (၂%) အား လျာထားသုံးစွဲသွားမည်ကို လိုက်နာဆောင်ရွက်ရန်။

(င) **မိုင်းပိတ်သိမ်းခြင်းစီမံခန့်ခွဲမှုအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ဖယ်ရှားခဲ့သည့် အပေါ်ယံမြေလွှာများအား သီးခြားစုပုံ၍ သစ်ပင်များစိုက်ပျိုးရန်ထားရှိပြီး တူးဖော်ခြင်းလုပ်ငန်းပြီးဆုံးသည့်အခါ လုပ်ကွက်ဧရိယာအတွင်း မြေဖို့ခြင်း (Back Fill the Exhausted Pit) တို့တွင် အသုံးပြုသွားရန်၊

(၂) တူးဖော်ခြင်းလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကမ်းပါးများ မပြိုကျစေရေးအတွက် ကြိုတင်စီမံထားရှိရန်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် လုပ်ကွက်နှင့် ဆက်စပ်နေသော (သို့မဟုတ်) အနီးစပ်ဆုံးသော ဧရိယာများရှိ ရေထွက်များ၏ အရည်အသွေးအား စစ်ဆေးသည့် အစီအမံများ ဆောင်ရွက်ထားရှိရန်၊

(၄) ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် မြေဆီလွှာများ ပျက်စီးမှု ရှိ/မရှိ စစ်ဆေးပေးသွားရန်၊

(၅) လုပ်ငန်းပိတ်သိမ်းချိန်တွင် လုပ်ကွက်ဧရိယာအတွင်း နှစ်ရှည်ပင်များ စိုက်ပျိုးခြင်း၊ အသုံးပြုခဲ့သည့် စက်၊ ယန္တရားများနှင့် လူနေအဆောက်အဦများ ရှင်းလင်းဖယ်ရှားခြင်း၊ စွန့်ပစ်ပစ္စည်းများ ရှင်းလင်းဖယ်ရှားခြင်းတို့ လုပ်ဆောင်ရန်၊

(၆) သစ္စာတောမိုင်းနှင့်အနီးပတ်ဝန်းကျင်နေရာများတွင် ဒေသမျိုးရင်းဖြစ်သော ထင်းရှူး၊ ယူကလစ်ပင်များ လုပ်ငန်းလည်ပတ်ချိန်မှစတင်၍ နှစ်စဉ်(၃)ကေခန့် စိုက်ပျိုးသွားမည်ဖြစ်ပြီး နှစ်အလိုက် တိုးချဲ့စိုက်ပျိုးရန်၊

(၇) သစ္စာတောတွင်း ပိတ်သိမ်းခြင်းလုပ်ငန်းစီမံချက်အနေဖြင့် သစ္စာတောမိုင်း လုပ်ကွက်အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အမိန့်လမ်းညွှန်ချက်များအရ လိုက်နာဆောင်ရွက်သွားရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ်(၁)တွင် ဖော်ပြထားသော ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းအစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ဥပဒေ၊မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်ပါစည်းကမ်းချက်များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ်(၂၀၁၈-၂၀၃၀) မြန်မာနိုင်ငံအမျိုးသား အဆင့်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊

(၂) ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၃) လက်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု ၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှု ကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၄) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင် ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များ စုစည်းခြင်း နှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင် ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်-

(ကက) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင်မီးရှို့မှုပပျောက်ရေး ဆောင်ရွက်ရန်၊

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့် ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေး နိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိ ဆောင် ရွက်ရန်၊

(ငင) ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့်စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှထွက်ရှိလာမည့်စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင် ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်းထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရန်၊

(ဇဇ) စွန့်ပစ်မြေစာများကြောင့် ရေစီးရေလာပိတ်ဆို့မှု၊ နုန်းအနည်ကျမှုနှင့် ရေကြီးရေလျှံမှုမဖြစ်စေရန် စွန့်ပစ်မြေစာများကို မြစ်၊ ချောင်း၊ မြောင်းများမှ အနည်းဆုံးပေ (၃၀၀)အကွာတွင် မြေစာပုံကွင်း ပြုလုပ်၍ စနစ်တကျစွန့်ပစ်ရန်နှင့် ရေစီးရေလာပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းခြင်းများ ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု)လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်းဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့်စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်အပိုဒ် ၁.၂ပါ Parameterများတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(၄) စီမံကိန်းနှင့် အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရန်။

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများ စီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအားဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေး ကြပ်မတ်ဆောင်ရွက်ရမည်။

(ဃ) **ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မြန်မာ့သတ္တုတွင်း ဥပဒေပုဒ်မ ၁၃၊ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၄၇ (ဃ)၊ ၁၇၀ (ဂ)၊ ၁၇၄၊ ၁၇၆၊ ၁၇၇၊ ၁၇၈၊ ၁၈၀၊ ၁၈၁၊ ၁၈၄ (ခ) တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၃) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(င) **သတ္တုတွင်းလုပ်ငန်းများအတွက်ရေရယူသုံးစွဲခြင်းဆိုင်ရာစည်းကမ်းချက်များ။** သတ္တုတွင်းလုပ်ငန်းများအတွက် ရေရယူသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းဥပဒေပုဒ်မ၁၆၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၂၊ ၁၅၃၊ ၁၅၄ ပါ သတ်မှတ်ချက်များကို အလေးထားလိုက်နာဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှုလမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့်ဖြစ်နိုင်သော အနှောက်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှု

အပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မိုင်းပိတ်သိမ်းခြင်းလုပ်ငန်းများကိုအစီရင်ခံစာတွင်ဖော်ပြထားသည့်သတ္တုတွင်းပိတ်သိမ်းရာ၌ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ငန်းစတင်ဆောင်ရွက်စဉ်ကပင် ကြိုတင်စီစဉ်ထားရှိ လိုက်နာဆောင်ရွက်ရန်နှင့် စီမံကိန်းအဆိုပြုသူသည် မြန်မာ့သတ္တုတွင်းနည်းဥပဒေ ၁၈၆(ဃ)ပါ ပြဋ္ဌာန်းချက်နှင့်အညီပိတ်သိမ်းရန်စီစဉ်ထားသည့်အချိန်မတိုင်မီ (၁)နှစ်ထက် နောက်မကျစေဘဲ အပြီးသတ်ပိတ်သိမ်းခြင်းအစီအစဉ်ကို တင်ပြရန်၊

(၂) စီမံကိန်းကြောင့် ပျက်စီးသွားသည့် နေရာများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များ ပြန်လည်စိုက်ပျိုးရန်နှင့် ရှင်သန်ကြီးထွားသည်အထိ အစီရင်ခံစာ၌ ဖော်ပြထားသည့် ကတိကဝတ်အတိုင်း တာဝန်ယူကြီးကြပ် ဆောင်ရွက်ရန်၊

(၃) မြေဆီလွှာပျက်စီးသွားသည့် နေရာများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ မြေညှိခြင်း၊ မြေပြုပြင်ခြင်း၊ အပေါ်ယံမြေဆီလွှာများဖုံးအုပ်ခြင်းတို့ကို ဆောင်ရွက်ရန်နှင့် ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်များစိုက်ပျိုးရန်၊ အပင်များရှင်သန်ကြီးထွားသည်အထိ တာဝန်ယူ ဆောင်ရွက်ရန်။

(ဇ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေးတင်ပြရမည်။ ပျက်ကွက်မှုတစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄) နာရီ အတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များအားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ (၇) ရက် အတွင်းလည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်။

(၆) စီမံကိန်း၏အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊

ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရမည်။

(ဂ) စောင့်ကြပ်ကြည့်ရှုမှု အစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်း အထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိ တိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့်အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့်ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရသတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့်ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာအချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(ဃ) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို

ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိ အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေးတည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေးအစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလိုပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏အကြံပြုချက်နှင့် လိုအပ်ချက်များအားအလေးထားပေါင်းစပ်ဆောင်ရွက်ရန်။

(ဋ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာစည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့်ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော် ကြေညာရမည်။

(၄) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရ အဖွဲ့အစည်းထံမှ စာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့် အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိဘက်စုံ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့်ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့်တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက် အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုး ညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်း နှင့်ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကိုဖတ်ရှုနိုင်သည့်သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှ စာဖြင့်သီးခြားရေးသားသဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ)များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆လတစ်ကြိမ် တင်ပြရန် နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့်နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့်ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာန သို့ တင်ပြသည့်နေ့ရက်မှ ၁၀ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာ ကိစ္စ ရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ဝက်ဘ်ဆိုဒ်တွင် လည်း ကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူ စုဝေးရာ နေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင်လည်းကောင်း အများ ပြည်သူသိရှိနိုင်စေရေးတင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံ နိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကိုရရှိပြီး နောက်(၁၀)ရက် အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီ ထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည်ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်း နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက်စပ်သည့် လုပ်ငန်း များကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းနှင့်

စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့် အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေးခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေ တစ်ရပ်ဖြစ်ပေါ်လျှင် သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည်သို့မဟုတ် ချိုးဖောက်နိုင်ဖွယ် ရှိသည်ဟု ဝန်ကြီးဌာနကထင်မြင်ယူဆလျှင် သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာ များရယူခြင်းနှင့် ကွန်ပျူတာများစစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၁၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း ထားရှိဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရန်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအတွက် ရန်ပုံငွေတစ်ရပ်ကြိုတင်ထူထောင်ထားရှိရန်၊

(၂) သတ္တုတွင်းပိတ်သိမ်းခြင်းကို မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၆ ပါ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို လိုက်နာဆောင်

ရွက်ရန်နှင့် မြန်မာ့သတ္တုတွင်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၉၂ နှင့်အညီ ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများအတွက် ရန်ပုံငွေထူထောင်ထားရှိရန်၊

(၃) ပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများအပေါ် အရည်အသွေးထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာ့သတ္တုတွင်း နည်းဥပဒေများ၊ နည်းဥပဒေ ၁၈၉၊ ၁၉၀၊ ၁၉၁၊ ၁၉၂၊ ၁၉၃ တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေထူထောင်ထားရှိရန်။

**သက်သေခံလက်မှတ်ဆိုင်ရာစည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ (၂) နှစ်အတွင်း စီမံကိန်း၏အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင်ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေး သည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂) နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာ အကောင်အထည်ဖော်မှုအားစတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာအပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀နှင့်အညီ ညစ်ညမ်းမှု(ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေး ထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သတ္တုတွင်းနည်းဥပဒေ ၁၉၂ (က) အရ နိုင်ငံတော်ပိုင် ဘဏ်တစ်ခုခုတွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ထားရှိရန်၊ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှု သို့မဟုတ် ထိခိုက်ရန်အလားအလာရှိမှုများကို ကုစားပြင်ဆင်ရန် ချက်ချင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် ထိုငွေရေးကြေးရေး အာမခံချက် ကို အသုံးပြုရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာန မှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့်သတ်မှတ်/ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသော လွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---